# 2 ဂန်ထမ်းပင်စင်

## 2-2 ပင်စင်လစာ၏အမျိုးအစား

### (1) သက်ကြီးဂန်ထမ်းပင်စင်

ဂန်ထမ်းပင်စင်စနစ်ဂင်ထားသူများသည် ပြည်သူ့ပင်စင်လစာထုတ်ယူနိုင်ရန်လိုအပ်သည့် သတ်မှတ်ကာလ ပြည့်ပါက (ပင်စင်စုဆောင်းငွေအားပေးဆောင်သည့်ကာလ နှင့် ပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ရရှိထားသည့်ကာလ စုစုပေါင်း ၁ဂနှစ်ထက်ပို၍ ရှိပါက) အသက် ၆၅နှစ်မှ စတင်၍ သက်ကြီးအခြေခံပင်စင်လစာအပြင် ၎င်းကိုဖြည့်စွက်သည့် သက်ကြီး ဂန်ထမ်းပင်စင်လစာကိုလည်း ခံစားထုတ်ယူနိုင်ပါသည်။

### (2) မသန်မစွမ်းဂန်ထမ်းပင်စင်

ဂန်ထမ်းပင်စင်စနစ်ဂင်ထားသည့်ကာလတွင် ဆေးကုသမှု စတင်သည့်နေ့ (မသန်စွမ်းမှု၏ အကြောင်းရင်းဖြစ်ခဲ့သည့် ရောဂါ၊ ဒဏ်ရာများကို ပထမဦးဆုံး ဆရာဝန် (သို့) သွားဆရာဝန်၏ စစ်ဆေးကုသမှုကို ခံယူသည့်နေ့) ကျရောက်နေသည့် ရောဂါ၊ ဒဏ်ရာကို အကြောင်းပြု၍ အတိုင်းအတာတစ်ခုထက်ပိုသော မသန်စွမ်းမှု ကျန်နေပြီး၊ မသန်စွမ်းဝန်ထမ်းပင်စင်ကို ခံစားနိုင်သည့် ပင်စင်စုဆောင်းငွေထည့်ဝင်မှု သတ်မှတ်ချက်နှင့် ပြည့်မီနေလျှင် ထုတ်ပေးသည်။ မသန်စွမ်းမှု အနေအထား အလိုက် အဆင့် ၁၊ အဆင့် ၂၊ အဆင့် ၃ ပင်စင်အမျိုးအစား ရှိသည်။

### (3) မိသားစုပင်စင်

ဂန်ထမ်းပင်စင်စနစ်ဂင်ထားသူ သေဆုံးသည့်အချိန်စသည့်အခါများတွင် သေဆုံးသူအပေါ် ဘဝကို မှီခိုရပ်တည်သည့် ဇနီး၊ ရင်သွေး၊ မြေးများအား၊ အတိုင်းအတာတစ်ခုအထိ သတ်မှတ်ချက်များနှင့် ပြည့်စုံလျှင်၊ ပြည်သူ့ပင်စင်၏ အခြေခံ မိသားစုပင်စင်လစာ အပြင် ဂန်ထမ်း မိသားစုပင်စင် လစာကိုလည်း ထပ်ပေါင်းထုတ်ပေးပါသည်။